ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
(ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)
နတ်တလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့

# အရပ်ရပ်အခွင့်အရေးလိုင်စင်များအားလေလံရောင်းချခြင်းကြော်ငြာစာ

ကြော်ငြာစာအမှတ်( ၂၄ /၂၀၂၅)
၁၃၈၇ ခုနှစ် ပြာသိုလဆန်း ၁ ရက်
( ၂၀၂၅ ခုနှစ် ဒီဇင်ဘာ လ ၁၉ ရက်)

၁။ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်အတွက် (၁.၄.၂၀၂၆ မှ ၃၁.၃.၂၀၂၇ အထိ) တစ်နှစ်တာကာလအပိုင်းအခြားအတွက် နတ်တလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အပေါင်ဆိုင်လိုင်စင်များအား သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ သားသတ်လိုင်စင်များ၊ မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင်များနှင့်ပတ်သတ်၍ သီးခြားညွှန်ကြားချက်ပါအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ အခြားလိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည် -

| စဉ် | ရောင်းချမည့် အစီအစဉ် | အရပ်ရပ်အခွင့်အရေး လိုင်စင်များ ရောင်းချမည့်နေ့ရက် သက်မှတ်ချက် | အရပ်ရပ်အခွင့်အရေး လိုင်စင်များမှတ်ပုံတင်မည့် နေ့ရက်သက်မှတ်ချက်များ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပထမအကြိမ် | ၁၂.၁.၂၀၂၆(တနင်္လာနေ့) နံနက်(၁၀း၀၀)နာရီ | ၉.၁.၂၀၂၆ (သောကြာနေ့) ညနေ(၁၄း၀၀)နာရီ | |
| ၂။ | ဒုတိယအကြိမ် | ၂၀.၁.၂၀၂၆(အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီ | ၁၉.၁.၂၀၂၆ (တနင်္လာနေ့) ညနေ(၁၄း၀၀)နာရီ | |
| ၃။ | တတိယအကြိမ် | ၂၇.၁.၂၀၂၆(အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီ | ၂၆.၁.၂၀၂၆ (တနင်္လာနေ့) ညနေ(၁၄း၀၀)နာရီ | |
| ၄။ | ချိတ်ပိတ်တင်ဒါ | ၃.၂.၂၀၂၆(အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီ | ၂.၂.၂၀၂၆ (တနင်္လာနေ့) ညနေ(၁၄း၀၀)နာရီ | |
| ၅။ | အခြားနည်း | ၁၀.၂.၂၀၂၆(အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီ | ၉.၂.၂၀၂၆ (တနင်္လာနေ့) ညနေ(၁၄း၀၀)နာရီ | |

လေလံရောင်းချမည့်နေရာ - နတ်တလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး

၂။ လေလံဆွဲဝယ်လိုသူသည် လေလံလျှောက်လွှာတစ်စောင်လျှင် (၁၅၀၀၀ိ/-) (ကျပ်-တစ်သောင်းငါးထောင်တိတိ/-) ပေးသွင်း၍ လိုင်စင်လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများအား တစ်ပါတည်းပူးတွဲတင်ပြရမည် -

(က) နိုင်ငံသားစိစစ်ရေးကဒ် မူးရင်း/ မိတ္တူ၊
(ခ) လဝက အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)၊
(ဂ) သက်ဆိုင်ရာပြည်တွင်းအခွန်ဦးစီးအရာရှိ၏ အခွန်၊ အခများကင်းရှင်းကြောင်း ထောက်ခံချက်၊
(ဃ) အမှုအခင်းကင်းရှင်းကြောင်း၊ သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ထောက်ခံချက်၊

(င) စားပွဲတင်အာမခံငွေ ပေးသွင်းထားသည့် အထောက်အထား ငွေထုတ်ယူခွင့်အမိန့်၊
(POP) (Payment Order Private)

(စ) ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ်တွင် ဆွဲဝယ်ဆောင်ရွက်လျှက်ရှိသော လိုင်စင်စီပေါင်းမဟုတ်ပါက ဆွဲဝယ်လုပ်ကိုင်ဆောင်ရွက်မည့်မြို့နယ်အတွင်း အနည်းဆုံး(၁)နှစ် နေထိုင်ပြီးသူဖြစ်ရမည်။ ထိုသို့နေထိုင်သူဖြစ်ကြောင်း အိမ်ထောင်စုစာရင်း(လဝကပုံစံ ၆၆/၆)တင်ပြနိုင်ရမည်။

၃။ အောက်ပါပုဂ္ဂိုလ်များအား လေလံဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ။

(က) နာမည်ပျက်စာရင်း တင်သွင်းကြော်ငြာ၍ သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် လေလံဆွဲဝယ်ခွင့် ပိတ်ပင်ခံရသူများ၊ ၎င်းတို့နှင့်အတူ အိမ်ထောင်စုစာရင်းဝင်ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်းလိုင်စင်ပိတ်သိမ်းခံရသူများ၊

(ခ) လိုင်စင်ရောင်းချချိန်တွင် လိုင်စင်အရစ်ကျငွေနှင့်ရက်လွန်ဒဏ်ကြေးပေးဆောင်ရန်နှင့် အခြားအခွန်အခအကောက်ကြွေးကျန်ရှိသူများ၊

(ဂ) စည်းကမ်းပါသတ်မှတ်ချက်အရ တင်ပြရမည့်စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသူများ၊

(ဃ) အထူးကိုယ်စားလှယ်လွှဲစာ(Special Power)ဖြင့် လွှဲအပ်တင်ပြ၍ လူကိုယ်တိုင် လာရောက်ဆွဲဝယ်ခြင်းမပြုသူများ။

၄။ အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်လေလံဝင်ရောက်ဆွဲဝယ်ရာတွင် သက်တမ်းတိုးစနစ်/ သားသတ်လိုင်စင်များ၊ မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင်များနှင့် ပတ်သတ်၍သီးခြားညွှန်ကြားချက်ပါအတိုင်း လိုက်နာဆောင်ရွက် ခြင်းစနစ်/ ဈေးပြိုင်စနစ်ဖြင့် လေလံအောင်မြင်စွာဆွဲဝယ်ရရှိပါကပေးသွင်းရမည့် လေလံကြေး (၅)ပုံ(၁)ပုံ(သို့မဟုတ်) (၂)ပုံ(၁)ပုံ(တိုင်းဒေသကြီးပြင်ပ) အကြေပေးသွင်းရန် သတ်မှတ်သည့် လိုင်စင်ကြေးငွေအား (၃.၄.၂၀၂၆)ရက်နေ့ နောက်ဆုံးထားပေးသွင်းရမည်။ လေလံ အောင်မြင်သူများ၏ လေလံကြေးငွေ (၁၀)ပုံ(၁)ပုံအာမခံငွေအား လေလံအောင်မြင်စွာ ဆွဲဝယ်ရရှိပြီးသည်နှင့် တစ်ပြိုင်နက်ထဲ စားပွဲတင်အာမခံငွေအဖြစ် တင်သွင်းထားသည့် ငွေထုတ်ယူခွင့်အမိန့် (POP)မှ ခုနှိမ်ပေးသွင်းနိုင်သည်။ လေလံအောင်မြင်သူများသည် မရွှေ့မပြောင်းနိုင်သော အာမခံပစ္စည်း တင်သွင်းလျှင် မိမိဆွဲဝယ်ရရှိသော လိုင်စင်တန်ဖိုး၏ (၅)ပုံ (၁)ပုံနှင့်ညီမျှသော ငွေသား (သို့မဟုတ်) ငွေစုစာအုပ်ကိုတင်ပြရမည်။ တိုင်းဒေသကြီးပြင်ပမှ လေလံအောင်မြင်သူဖြစ်ပါက မရွှေ့မပြောင်းနိုင်သော အာမခံပစ္စည်းတင်သွင်းလျှင် မိမိဆွဲဝယ်ရရှိသော လိုင်စင်တန်ဖိုး၏ (၂)ပုံ(၁)ပုံနှင့်ညီမျှသည်ငွေသား(သို့မဟုတ်)ငွေစုစာအုပ်ကိုတင်ပြရမည်။ မည်သည့်လိုင်စင်စီကိုမဆို မရွှေ့မပြောင်းနိုင်သော ပစ္စည်းအာမခံတင်သွင်းခြင်းမပြုနိုင်ပါက မိမိဆွဲဝယ်ရရှိသော လိုင်စင်တန်ဖိုးနှင့် ညီမျှသောငွေသား (သို့မဟုတ်)ငွေစုစာအုပ်ကို တင်ပြရမည်။ လေလံမအောင်မြင်သူများ၏ စားပွဲတင်အာမခံငွေများကို လေလံပွဲပြီးဆုံးပြီး(၁၀)ရက်အကြာမှ ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။

၅။ လိုင်စင်ဆွဲဝယ်ခွင့်လျှောက်လွှာများအား သတ်မှတ်ချိန်ထက်နောက်ကျတင်သွင်းခြင်းနှင့်သတ်မှတ်ထားသည့် အချက်အလက်များ ပြည့်စုံမှန်ကန်မှုမရှိပါက လေလံရောင်းချရေးအဖွဲ့မှ လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ လိုင်စင်ဆွဲဝယ်ခွင့်လျှောက်လွှာတင်သွင်းပြီးနောက် လေလံယှဉ်ပြိုင်ရန်အတွက် လေလံခန်းမအတွင်း ဝင်ရောက်ခြင်းမရှိသူများအား လည်းကောင်း၊ လေလံခန်းမအတွင်း လေလံတစ်

ခုခြင်းစီအား (၃)ကြိမ်ထက်မနည်း ယှဉ်ပြိုင်မှုမရှိပါကလည်းကောင်း၊ တင်သွင်းထားသော စားပွဲတင်အာမခံငွေကို အဖွဲ့ပိုင်အဖြစ်သိမ်းယူပြီး အမည်ပျက်စာရင်းတင်သွင်းမည်ဖြစ်သည်။

၇။ လေလံယှဉ်ပြိုင်ရာတွင် ပန်းကြေးရယူတောင်းခံကြောင်း တိကျစွာဖော်ထုတ်ရရှိပါက ပန်းကြေးပေးသူနှင့်ပန်းကြေးရယူသူနှစ်ဦးစလုံးအား လေလံဆွဲဝယ်ခွင့်ကို ရုပ်သိမ်းပြီးတို့အား နာမည်ပျက်စာရင်း တင်သွင်းကြေညာ၍ လေလံကိုအသစ်တစ်ဖန်ပြန်လည်ရောင်းချမည်ဖြစ်သည်။

၈။ လေလံဆွဲဝယ်ယှဉ်ပြိုင်သူတစ်ဦးတစ်ယောက်သည် လေလံဆွဲဝယ်ရရှိသည့်တိုင် ၎င်းအနေဖြင့် လေလံဆွဲဝယ်ရာတွင်သတ်မှတ်ထားသော လေလံစည်းကမ်းနှင့်မကိုက်ညီဘဲ မမှန်မကန်လိမ်ညာ၍ ဆွဲဝယ်ရရှိခြင်းဖြစ်ကြောင်းနိုင်လုံစွာစစ်ဆေးတွေ့ရှိရပါကလေလံချထားခြင်းကို ပြန်လည်ရုပ်သိမ်း၍ အမည်ပျက်စာရင်းတင်သွင်းသတ်မှတ်မည် ဖြစ်သည်။

၉။ လိုင်စင်ဆွဲဝယ်လုပ်ကိုင်ရရှိသူသည် လေလံကြေးငွေကျပ်သိန်း (၂၀)နှင့် အောက်ဖြစ်ပါက လေလံကြေးငွေအား တစ်ကြိမ်တည်း အပြေအကြေပေးသွင်းရမည်။

၁၀။ လိုင်စင်ဆွဲဝယ်လိုသူများသည် ဆွဲဝယ်လိုသော လိုင်စင်အတွက် အဖွဲ့မှ သတ်မှတ်ပေးထားသည့် လျှောက်လွှာပုံစံတစ်စောင်စီကို အပိုဒ်(၁)ပါသတ်မှတ်ရက်(၁)ရက်စော၍ ရုံးချိန်အတွင်း နောက်ဆုံးထားလျှောက်ထားပြီး ဆွဲဝယ်ခွင့်မှတ်ပုံတင်ရမည်။ လျှောက်လွှာတင်သွင်းရမည့် နေ့ရက်အချိန်ထက်ကျော်လွန်၍ လျှောက်လွှာတင်သွင်းခြင်းကို သာမန်အားဖြင့် လက်ခံစဉ်းစားမည် မဟုတ်ပါ။

၁၁။ လေလံရောင်းချသည့်နေ့တွင်မပြီးစီးဘဲကျန်နေပါကနောက်တစ်ရက်တွင် ဆက်လက်လေလံရောင်းချမည်ဖြစ်ပါသည်။

၁၂။ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ် အရပ်ရပ်အခွင့်အရေးလိုင်စင်များ လေလံတင်ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ တယ်လီဖုန်းအမှတ် (၀၅၃-၃၆၀၃၄)အား ရုံးအချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

အမှုဆောင်အရာရှိ
(အေးကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး)

စာအမှတ်၊ ၁၁၆၆ / ဃ-၂/ နတလ(၀၀၁)
ရက်စွဲ ၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ လ ရက်
ဖြန့်ဝေခြင်း
ပဲခူးတိုင်းဒေသကြီးအတွင်းရှိမြို့နယ်စည်ပင်သာယာရေးအဖွဲ့များအားလုံး၊
ဌာနဆိုင်ရာများအားလုံး၊
အုပ်ချုပ်ရေးမှူး၊ ----------------ရပ်ကွက်၊ ကျေးရွာအုပ်စု(ကြော်ငြာသင်ပုန်းများတွင်ကြော်ငြာရန်)၊
၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ်လိုင်စင်ဆွဲဝယ်ရရှိသူများအားလုံး၊
ဈေးတာဝန်ခံများ (မြို့မဈေး၊ တာပွန်ဈေး၊ အေးငြိမ်းသာဈေး)၊

မိတ္တူကို

ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့
ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နတ်တလင်းမြို့
မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နတ်တလင်းမြို့
ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ နတ်တလင်းမြို့
သက်ဆိုင်ရာလေလံအမှုတွဲ
လက်ခံစာတွဲ
မျှောစာတွဲ

နတ်တလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ် အတွက်အဖွဲ့ပိုင် အရပ်ရပ်အခွင့်အရေးလိုင်စင်များ
(POP)တင်သွင်းရမည့်စာရင်း

| စဉ် | လိုင်စင်အမည် | ၂၀၂၆-၂၀၂၇ခုဘဏ္ဍာရေးနှစ် ကြမ်းခင်းဈေး | POPဖြင့်တင်သွင်းရမည့် စားပွဲတင်အာမခံငွေ | မှတ်ချက် |
|---|---|---|---|---|
| | သားသတ်လိုင်စင်များ | | | |
| ၁ | မြို့မအမဲ(၁) | ၁၅၂၀၀၀၀၀ | ၇၆၀၀၀၀၀ | သက်တမ်းတိုး |
| | မြို့မအမဲ(၂) | | | ရောင်းချခြင်း |
| ၂ | ဒမငယ်အမဲ(၁) | ၂၄၅၀၀၀၀ | ၁၂၂၅၀၀၀ | အတွက် |
| | ဒမငယ်အမဲ(၂) | | | |
| ၃ | လှပခြင်း/ပွဲသာအမဲ(၁) | ၅၈၅၀၀၀၀ | ၂၉၂၅၀၀၀ | ,, |
| | လှပခြင်း/ပွဲသာအမဲ(၂) | | | |
| ၄ | မြို့မဝက်(၁) | ၂၀၅၀၀၀၀၀ | ၁၀၂၅၀၀၀၀ | ,, |
| | မြို့မဝက်(၂) | | | |
| ၅ | တာပွန်ဝက်(၁) | ၁၁၃၀၀၀၀၀ | ၅၆၅၀၀၀၀ | ,, |
| | တာပွန်ဝက်(၂) | | | |
| | တာပွန်ဝက်(၃) | | | |
| | တာပွန်ဝက်(၄) | | | |
| ၆ | လှပခြင်းဝက် | ၆၀၇၀၀၀၀ | ၃၀၃၅၀၀၀ | ,, |
| ၇ | ပွဲသာဝက် | ၉၀၀၀၀၀ | ၄၅၀၀၀၀ | ,, |
| ၈ | ဒမငယ်ဝက်(၁) | ၁၄၃၅၀၀၀၀ | ၇၁၇၅၀၀၀ | ,, |
| | ဒမငယ်ဝက်(၂) | | | |
| ၉ | တောင်ညီဝက် | ၃၆၅၀၀၀၀ | ၁၈၂၅၀၀၀ | ,, |
| ၁၀ | မြို့မဆိတ်(၁) | ၃၇၅၀၀၀၀ | ၁၈၇၅၀၀၀ | ,, |
| | မြို့မဆိတ်(၂) | | | |
| ၁၁ | ထောက်ကြံကွင်းဝက် | ၇၈၀၀၀၀ | ၃၉၀၀၀၀ | ,, |
| ၁၂ | တာပွန်အမဲ(၁) | ၄၇၀၀၀၀၀ | ၂၃၅၀၀၀၀ | ,, |
| | တာပွန်အမဲ(၂) | | | |
| | **စုစုပေါင်း** | ၈၉၅၀၀၀၀၀ | ၄၄၇၅၀၀၀၀ | |

| စဉ် | လိုင်စင်အမည် | ၂၀၂၆-၂၀၂၇ခုဘဏ္ဍာရေးနှစ် ကြမ်းခင်းဈေး | POPဖြင့်တင်သွင်းရမည့် စားပွဲတင်အာမခံငွေ | မှတ်ချက် |
|---|---|---|---|---|
| | အပေါင်ဆိုင်လိုင်စင်များ | | | |
| ၁ | မြို့မအပေါင်ဆိုင်-၁ | ၁၈၇၀၀၀၀ | ၉၃၅၀၀၀ | |
| ၂ | မြို့မအပေါင်ဆိုင်-၃ | ၁၇၉၃၀၀၀ | ၈၉၆၅၀၀ | |
| ၃ | မြို့မအပေါင်ဆိုင်-၄ | ၁၉၆၉၀၀၀ | ၉၈၄၅၀၀ | |
| ၄ | မြို့မအပေါင်ဆိုင်-၅ | ၁၈၄၈၀၀၀ | ၉၂၄၀၀၀ | |
| ၅ | မြို့မအပေါင်ဆိုင်-၆ | ၁၈၄၈၀၀၀ | ၉၂၄၀၀၀ | |
| ၆ | ဒီးကုန်းကလေးအပေါင်ဆိုင်-၂ | ၁၇၈၂၀၀၀ | ၈၉၁၀၀၀ | |
| ၇ | ဒီးကုန်းကလေးအပေါင်ဆိုင်-၃ | ၁၈၇၀၀၀၀ | ၉၃၅၀၀၀ | |
| ၈ | သာစည်အပေါင်ဆိုင် | ၁၈၇၀၀၀၀ | ၉၃၅၀၀၀ | |
| ၉ | ရွာမအပေါင်ဆိုင်-၂ | ၁၈၉၂၀၀၀ | ၉၄၆၀၀၀ | |
| ၁၀ | တာပွန်အပေါင်ဆိုင်-၁ | ၁၇၄၉၀၀၀ | ၈၇၄၅၀၀ | |
| ၁၁ | တာပွန်အပေါင်ဆိုင်-၃ | ၁၇၉၃၀၀၀ | ၈၉၆၅၀၀ | |
| ၁၂ | တာပွန်အပေါင်ဆိုင်-၄ | ၁၇၉၃၀၀၀ | ၈၉၆၅၀၀ | |
| ၁၃ | တာပွန်အပေါင်ဆိုင်-၅ | ၁၈၀၄၀၀၀ | ၉၀၂၀၀၀ | |
| ၁၄ | တာပွန်အပေါင်ဆိုင်-၇ | ၁၈၃၇၀၀၀ | ၉၁၈၅၀၀ | |
| ၁၅ | လှပခြင်းအပေါင်ဆိုင် | ၁၅၁၈၀၀၀ | ၇၅၉၀၀၀ | |
| ၁၆ | တောင်ညှိအပေါင်ဆိုင် | ၁၆၈၃၀၀၀ | ၈၄၁၅၀၀ | |
| | ပေါင်း | ၂၈၉၁၉၀၀၀ | ၁၄၄၅၉၅၀၀ | |
| | ဈေးကောက်လိုင်စင်များ | | | |
| ၁၇ | မြို့မဈေးကောက် | ၂၇၈၈၅၀၀၀ | ၁၃၉၄၂၅၀၀ | |
| ၁၈ | အေးငြိမ်းသာအာရုဏ်ဈေးဈေးကောက် | ၁၁၄၀၇၀၀၀ | ၅၇၀၃၅၀၀ | |
| ၁၉ | တာပွန်ဈေးကောက် | ၄၃၃၄၀၀၀ | ၂၁၆၇၀၀၀ | |
| ၂၀ | လှပခြင်းဈေးကောက် | ၁၉၄၇၀၀၀ | ၉၇၃၅၀၀ | |
| | ပေါင်း | ၄၅၅၇၃၀၀၀ | ၂၂၇၈၆၅၀၀ | |
| | အခြားလိုင်စင်များ | | | |
| ၂၁ | မင်းလမ်းစက်ဘီးဂိတ် | ၂၇၈၃၀၀၀ | ၁၃၉၁၅၀၀ | |
| ၂၂ | ဈေးလမ်းစက်ဘီးဂိတ် | ၂၇၃၉၀၀၀ | ၁၃၆၉၅၀၀ | |
| ၂၃ | အေးငြိမ်းသာအာရုဏ်ဈေးစက်ဘီးအပ် | ၅၉၈၄၀၀၀ | ၂၉၉၂၀၀၀ | |
| ၂၄ | ယာဉ်ရပ်နားခွန် | ၇၈၁၀၀၀ | ၃၉၀၅၀၀ | |
| ၂၅ | မြို့မဈေးအိမ်သာကောက် | ၅၄၄၅၀၀၀ | ၂၇၂၂၅၀၀ | |
| | ပေါင်း | ၁၇၇၃၂၀၀၀ | ၈၈၆၆၀၀၀ | |
| | စုစုပေါင်း | ၁၈၁၇၂၄၀၀၀ | ၉၀၈၆၂၀၀၀ | |